ကယ်လီဖိုးနီးယား အုပ်ချုပ်ရေးမှူး အာနိုးရှဝါ ဇက်နာဂါ၏ ရုပ်သံမိန့်ခွန်းမဆုံးခင် ပြည်နယ်တခုလုံးတွင် အင်အားပြင်းထန်သည့် ငလျှင် စတင်လှုပ်ခတ်လေသည်။ ပြည်နယ်သမိုင်းတလျှောက် မကြုံဖူးအောင် အားပြင်းသည့် ထိုငလျင်သည် နောက်နာရီ အနည်းငယ်အကြာတွင် ပြည်နယ်တခုလုံးကို ပစိဖိတ် သမုဒ္ဒရာအောက်ထဲ ပျောက်ကွယ်စေတော့မည်ဖြစ်ကြောင်း မည်သူမှ သိနိုင်ကြတော့မည် မဟုတ်။

လော့အိန်ဂျယ်လိစ်မြို့သားများမှာ အင်အားပြင်းထန်လွန်းသည့် ငလျင်ကြောင့် မြေကြီးအက်ကွဲကြောင်းများ ပေါ်လာကာ တိုက်တာ အဆောက်အဦများ ပြိုကျပျက်စီးလျက်ရှိသည်။ ယခင်က မိုးထိအဆောက်အဦများ၊ လှပသော ဗိသုကာလက်ရာများဖြင့် ရှုမောစရာမြို့မှာ ပြိုကျပျက်စီးသံများ၊ အော်ဟစ်ပြေးလွှားသံများဖြင့် ဆူညံနေသည်။

ကူမည့်သူ မရှိ၊ ကယ်မည့်သူ မရှိ အားလုံး ဒုက္ခပင်လယ်ဝေနေကြသည်။ ကူညီကယ်ဆယ်ရေးအဖွဲ့များမှာ ၎င်းတို့ကိုယ်တိုင် အကူအညီလိုနေကြသည်။ စက္ကန့်ပိုင်းအတွင်း အားလုံး သေကျေပျက်စီးရတော့မည်။ အချိန်ကား ၂၀၁၂ ခုနှစ်တွင် ဖြစ်သည်။




သက္ကရာဇ် ၂၀၀၉ ခုနှစ်တွင် အမေရိကန် ဘူမိဗေဒ ပညာရှင်နှင့် သမ္မတ၏ သိပ္ပံဆိုင်ရာ အကြံပေးဖြစ်သူ အေဒရီယန် ဟမ်စလေ၏ အိန္ဒိယခရီးစဉ်တွင် နေစကြာဝဠာနှင့် ပတ်သက်သည့် ဖြစ်စဉ်များကို သုတေသန ပြုနေသည့် ပညာရှင် သူငယ်ချင်း ဒေါက်တာ ဆန်ထမ်နှင့် တွေ့ဆုံခဲ့သည်။ ဒေါက်တာ ဆန်ထမ်က သူ လေ့လာတွေ့ရှိချက်များထဲမှ လူသာမျိုးနွယ်တို့ မှီတင်းနေထိုင်ရာ ကမ္ဘာကြီးနှင့် ပတ်သက်သည့် စိုးရိမ်ဖွယ်ရာ အချက်တခုကို ပြောပြသည်။

နေ၏ ပေါက်ကွဲမှု ဖြစ်စဉ်အား ဟန်ချက်မညီ ပြင်းထန်လာမှုကြောင့် နေမှ ရောက်ရှိလာသော ညူထရီယွန် ဓာတ်ပေါင်းများမှာ ကမ္ဘာဂြိုဟ်သို့ ရောက်ရှိလာပြီး ကမ္ဘာ့အလယ် ဗဟိုနေရာတွင် ချက်ချင်း အပူချိန် မြင့်တက်လာကာ ကမ္ဘာဂြိုဟ် ဆုံးခန်းတိုင်တော့မည်ဖြစ်ကြောင်း တွေ့ရှိထားပုံကို အေဒရီယန်ကို ပြောသည်။

အမေရိကန်နိုင်ငံသို့ ပြန်ရောက်သည့်အခါ အေဒီရီယန်က ထိုအကြောင်းကို အိမ်ဖြူတော် ရုံးအဖွဲ့ အကြီးအကဲနှင့် သမ္မတ သောမတ် (စ်) ဝီလ်ဆင်တို့ကို အကြောင်းကြားခဲ့သည်။

၂၀၁၀ ခုနှစ် G-8 ထိပ်သီး အစည်းအဝေးတွင် ဖြစ်သည်။ စက်မှုထွန်းကားပြီး နိုင်ငံများမှ ခေါင်းဆောင်များ၏ ယခုနှစ် တွေ့ဆုံမှုသည် ထူးခြားသော ဆုံးဖြတ်ချက်တခုကို ချမှတ်နိုင်ခဲ့သည်။

အားလုံး သဘောတူညီသည့် အချက်မှာ ကမ္ဘာပျက်ပါက လူသားများ အသက်ရှင်ကျန်ရစ်နိုင်စေရန် ဧရာမ သင်္ဘောကြီးများ လျှို့ဝှက်တည်ဆောက်သွားရန် ဖြစ်သည်။ လူ ၄ သိန်းကျော် တင်ဆောင်နိုင်သည့် ထို သင်္ဘောကြီးများ တည်ဆောက်ရန် ကမ္ဘာတလွှားရှိ သန်းကြွယ်သူဌေးကြီးများကို လက်မှတ်ရောင်းချ၍ တည်ဆောက်သည်။ ကမ္ဘာပျက်လျှင် ရှင်ကျန်ရစ်လိုသော သူဌေးများမှာ လက်မှတ်တစောင်လျှင် ယူရိုငွေ တဘီလျံဖြင့် ဝယ်ယူထားကြသည်။

သိပ္ပံဆန်းကြယ် စာရေးဆရာ ဂျက်ဆင် ကားတစ်သည် ရုရှား သန်းကြွယ်သူဌေးကြီး ယူရီကားပေ့ါဗ်၏ ဒရိုင်ဘာအဖြစ်ပါ အချိန်ပိုင်း အလုပ်လုပ်သည်။ သူ၏ ဇနီးဟောင်းဖြစ်သူမှာ ခွဲစိတ်အထူးကုနှင့် အပျော်တမ်း လေယာဉ် မောင်းနှင်သူ ဂေါ်ဒွန် ဆေးဘာလ် မန်းနှင့် အတူနေထိုင်သည်။ ကိတ်နှင့် ဂျက်ဆင်တွင် နိုအာနှင့် လီလီဆိုသည့် သားသမီး နှစ်ဦး ရှိသည်။ ဂျက်ဆင်က ကိတ်နှင့် အတူနေသည့် သူ၏ သားသမီး နှစ်ဦးကို ဝိုင်အိုးမင်းပြည်နယ်ရှိ ရဲလိုးစတုန်း သဘာဝ ဥယျာဉ်ကို လိုက်လံပြသသည်။

ဥယျာဉ်ထဲရှိ အစိုးရတားမြစ်ထားသော နေရာသို့သွားရောက်သဖြင့် သူတို့ အဖမ်းခံရသည်။ နောက်ပိုင်းတွင် ပြန်လွှတ်ပေးလိုက်သည်။ ဂျက်ဆင်သည် ချာလီ ဖရောစ်ဆိုသည့် သဘာဝလွန် ဖြစ်ရပ်များကို လေ့လာနေသူ တဦးနှင့် ဆုံဆည်းရသည်။

ရဲလိုးစတုန်းတွင် တကိုယ်တည်း နေထိုင်သော ချာလီသည် ဥယျာဉ်အတွင်းမှနေ၍ ရေဒီယို ထုတ်လွှင့်နေသူ ဖြစ်သည်။ ထိုရေဒီယို အစီအစဉ်ကို နားထောင်ဖြစ်သည့် သိပ္ပံဆန်းကြယ် စာရေးဆရာ ဂျက်ဆင်သည် ချာလီနှင့် စကားစပ်မိရာမှ ၂၀၁၂ တွင် မာယာပြက္ခဒိန် အလိုအရ ကမ္ဘာပျက်မည့်အကြောင်း သိခဲ့ရသည်။

ကနဦးတွင် ချာလီပြောသည့် ကမ္ဘာပျက်မည့် သတင်းကို မယုံကြည်သေးသော်လည်း ထိုသို့ ဖြစ်လာလျှင် ဘေးလွတ်ရာ ရှောင်တိမ်းရန်အတွက် ဧရာမသင်္ဘောကြီး တည်ဆောက်ထားသည့် နေရာကိုပါ ချာလီက မြေပုံဆွဲထားသည်ကို ဂျက်ဆင် သိခဲ့ရသည်။ ထို့အပြင် ကိုယ်တိုင်လည်း ရဲလိုးစတုန်းရှိ ရေပူစမ်းများ ခမ်းခြောက်လာသည်ကို တွေ့ရှိခဲ့သဖြင့် စိုးရိမ်လာသည်။




လက်ဝှေ့ပြိုင်ပွဲ၌ အပျော်တမ်း မိန်းကလေး တာမာရာနှင့် အတူရှိနေသည့် ရုရှားသူဌေးကြီး ယူရီကားပေါ်ဗ်မှာ ကမ္ဘာပျက်တော့မည့်အကြောင်း ဖုန်းမက်ဆေ့ဂျ် ဝင်လာချိန်တွင် တာမာရာကိုပင် မခေါ်တော့ဘဲ သူ၏ ဇိမ်ခံလေယာဉ်ကြီးဆီ သုတ်ခြေတင်တော့သည်။

ရဲလိုးစတုန်းမှ ပြန်လာသော ဂျက်ဆင်က သူ၏ သားသမီးများကို ဇနီးဟောင်းဆီ ပြန်ပို့ပြီးသောအခါ သူ၏ သူဌေးဖြစ်သူ ယူရီ၏ သားနှစ်ဦးကို သူတို့၏ ဖခင်ဆီ ပို့ပေးရန် လေဆိပ်သို့ ပို့ပေးခဲ့သည်။ ထိုကလေး နှစ်ဦးက လေယာဉ်ပေါ် တက်ခါနီးတွင် ဂျက်ဆင့်ကို "မင်း ... ဒီအတိုင်းနေရင် သေလိမ့်မယ်။ လွတ်မြောက်ဖို့ အချိန်မရဘူး" ဟု ပြောသွားခဲ့ရာ ချာလီ ပြောကတည်းက ကမ္ဘာပျက်မည့်ကိစ္စကို သံသယဝင်သည့် ဂျက်ဆင်သည် စင်းလုံးငှားလေယာဉ်ကို ငှားရမ်းပြီး သူ၏ မိသားစုဆီ အမြန်ပြန်လာခဲ့သည်။

ကယ်လီဖိုးနီးယား၏ ကမ္ဘာ့အကြီးဆုံး ဆန်အန် ဒရီ ပြတ်ရွေ့ကြောကြီးသည် စတင်၍ တုန်ခါစပြုနေသည့် အချိန်တွင် ဂျက်ဆင်က သူ့ဇနီးကို ပြောင်းလူပ်မည့်အကြောင်း ပြောပြရာ ရုပ်သံမှ ကယ်လီဖိုးနီးယား အုပ်ချုပ်ရေးမှူး၏ သတင်းစာရှင်းလင်းပွဲကို နားထောင်နေသည့် သူ့ဇနီးက ယုံကြည်မှု မပြု။ ငလျင် စတင်လှုပ်သည့် အချိန်မှာပင် ဂျက်ဆင်သည် သူ့ဇနီး၏ နေအိမ်သို့ ရောက်ရှိလာပြီး သားသမီး နှစ်ဦး၊ ဇနီးနှင့် သူ့အဖော် အမျိုးသားကို ခေါ်ဆောင်ကာ လီမိုဆင်း ဇိမ်ခံကားရှည်ကြီးနှင့် ထွက်ပြေးရာ လမ်းတွင် တွေ့သမျှ အဆောက်အဦတို့မှာ ငလျင်ဒဏ် မခံနိုင်ဘဲ ပြိုလဲရသည်ချည်း ဖြစ်သည်။

ဂျက်ဆင်က သူငှားထားသော လေယာဉ်ပျံလေးနှင့် ရဲလိုးစတုန်းရှိ ချာလီဆီ လာရာ ရဲလိုးစတုန်းတွင်လည်း စတင် ပေါက်ကွဲမှုများ ကြုံရလေသည်။

ဂျက်ဆင်က သူနှင့်အတူ လိုက်ရန် ခေါ်သော်လည်း ချာလီက သူ့တွင် အများပြည်သူ သိရှိရန် သတင်းပို့ရမည့် တာဝန် ရှိနေပြီး၊ ထိုပေါက်ကွဲနေသော ရှုခင်းများသည် လှသဖြင့် သူ မလိုက်နိုင်ဟု ပြောကာ နေရစ်ခဲ့သည်။ ဂျက်ဆင်လည်း လျှို့ဝှက်တည်ဆောက်ထားသည့် ရောမ သင်္ဘောကြီးများ ရှိသည့် မြေပုံ ရှာဖွေနေစဉ်တွင် ကိတ်၏ အဖော်ဖြစ်သူ ဂေါ်ဒွန်က အသက်အန္တရာယ်နှင့် နီးကပ်နေသဖြင့် မစောင့်နိုင်ဟု ပြောပြီး လေယာဉ်မောင်းထွက်ရာ မြေပုံ ယူလာသည့် ဂျက်ဆင် လေယာဉ်နောက်သို့ ပြေးလိုက်ရသည်။



သူတို့လေယာဉ် ထွက်သွားသည့်အခါ တချိန်က သာယာလှပခဲ့သည့် ရဲလိုးစတုန်း သဘာဝ ဥယျာဉ်သည် ချော်ရည်ပူများ ပေါက်ကွဲမှုကြောင့် မီးလောင်ပြင်ကြီးအဖြစ် ကျန်ရစ်ခဲ့သည်။

လာစ်ဗီးဂတ်စ်တွင် ဂျက်ဆင်နှင့် သူ၏ သူဌေးတို့ ဆုံကြရာ သူတို့အားလုံး ကြီးမားလှသည့် အန်တို နော့ဗ် လေယာဉ်ကြီးနှင့် ထွက်ပြေးကြသည်။ ယူရီ ကားပေါ်ဂ်က ထိုလေယာဉ်ကြီးပေါ်တွင် ကုမ္ပဏီမှ စိတ်ကြိုက် မှာယူထားသည့် မော်တော်ကားများကို အသင့်တင်ဆောင်ထားသည်။ လေယာဉ်ကို ကိတ်၏ ရည်းစား ဂေါ်ဒွန်နှင့် ဆာရှာတို့က မောင်းနှင်ကြသည်။

လေယာဉ်ကြီးသည် ဟာဝိုင်ယီကျွန်းကို ဖြတ်သန်းသည့်အခါ ကျွန်းမှာလည်း ရေအောက် မီးတောင်ပေါက်ကွဲမှုကြောင့် ရေနစ်မြုပ်တော့မည် ဖြစ်သည်။

နာရီပိုင်းအတွင်း ငလျင်လှုပ်မှုကြောင့် ပေါက်ကွဲမှုများမှာ အမေရိကန်တင် မဟုတ်ဘဲ ဘရာဇီးလ်၊ ဥရောပ၊ အာရှ၊ အိန္ဒိယ စသည့် ဒေသများမှာပါ ဆက်တိုက်ဖြစ်ပွားလေသည်။

ကမ္ဘာပျက်မည့်အကြောင်း ကြိုတင်သိရှိခဲ့သည့် အေဒီယီရန်၏ သူငယ်ချင်း  ဒေါက်တာ ဆန်ထမ်လည်း အေဒရီယန်ကို ဆူနာမီလှိုင်းကြီးများသည် ဟိမဝန္တာတောင်ရှိရာသို့ လာနေပြီဖြစ်ကြောင်း ဖုန်းပြောအပြီး အိန္ဒိယကမ်းခြေပေါ် တက်လာသည့် မဟာ ဆူနာမီလှိုင်းကြီးများကြောင့် သူပါ အသက်ပျောက်သွားရသည်။

ဝါရှင်တန်တွင် Air Force One လေယာဉ်ကို အသင့်ပြင်ထားပြီး အစိုးရအဖွဲ့ ထွက်ခွာရန် စီစဉ်ထားသည့်အခါ အဖရို-အမေရိကန်နွယ်ဖွား သမ္မတ သောမတ်(စ်) ဝီလ်ဆင်က သူ့ပြည်သူများနှင့်ပင် အသေခံတော့မည် ဖြစ်သဖြင့် မလိုက်နိုင်တော့ဟု ဆိုသည်။ ဒုသမ္မတ၏ ရဟတ်ယာဉ်လည်း ပစ်စ္စဘတ်တွင် ပျက်ကျခဲ့ပြီး၊ အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူမှာလည်း ပျောက်ဆုံးလျက် ရှိသည်။ Air Force One ထွက်ခွာပြီး မကြာခင် ဝါရှင်တန် လွတ်လပ်ရေး ကျောက်တိုင်၊ အိမ်ဖြူတော် စသည်တို့မှာ အင်အားကြီး လှိုင်းလုံးကြီးများအောက် ပျောက်ကွယ်ခဲ့ရသည်။ ထို့အပြင် ကျန်နေရစ်ခဲ့သည့် အမေရိကန် သမ္မတလည်း လှိုင်းလုံးကြီးများနှင့် အတူပါလာသည့် U.S.S. John F Kennedy သင်္ဘောကြီး ပိ၍ သေဆုံးသွားခဲ့သည်။

သမ္မတ မရှိသည့်အခါ အန်းဟော်ဆာက သူ့ကိုယ်သူ သမ္မတအဖြစ် ခံယူသည်။ သမ္မတ၏ သမီး လော်ရာ ဝီလ်ဆင်နှင့် အေဒီရီယန်တို့ ဟိမဝန္တာတွင် လျှို့ဝှက်တည်ဆောက်ထားသည့် သင်္ဘောပေါ်သို့ ရောက်သည့်အခါ G-8 ခေါင်းဆောင်များလည်း သင်္ဘောပေါ် ရောက်နှင့်ပြီ ဖြစ်သည်။

ယူရီနှင့် ဂျက်ဆင် စီးနင်းလိုက်ပါလာသည့် လေယာဉ်မှာ ဟိမဝန္တာ တောင်ကြောတခုသို့ အဆင်းတွင် ပျက်ကျခဲ့ပြီး လေယာဉ်မှူး ဆာရှာ သေဆုံးခဲ့သည်။

လေယာဉ်ပျက်ပြီးနောက် ဂျက်ဆင်က ဆင်၊ သစ်ကုလားအုတ်များ တင်ဆောင်လာသည့် ရဟတ်ယာဉ်များကို တွေ့သဖြင့် အော်ဟစ်အကူအညီတောင်းရာ ထိုရဟတ်ယာဉ်ပေါ်မှ တာဝန်ရှိသူများ ဆင်းလာပြီး လျှို့ဝှက် သင်္ဘောကြီးတွင် လိုက်ပါစီးနင်းခွင့်ရှိသည့် ရုရှသူဌေးကြီး ယူရီတို့ သားအဖကိုပဲ ခေါ်ဆောင်သွားသည်။ အတ္တကြီးလှသည့် ယူရီကလည်း တာမာရာကိုပင် ခေါ်ဆောင်သွားခြင်း မရှိ။

ဂျက်ဆင်တို့အဖွဲ့ ခြေဦးတည့်ရာ လမ်းလျှောက်လာစဉ် နီမာဆိုသည့် တိဘက် ဘုန်းကြီးတဦးနှင့် တွေ့သည်။ နီမာ၏ အကိုသည် လျှို့ဝှက်သင်္ဘောကြီး တည်ဆောက်ရေး ပရောဂျက်မှ လုံခြုံရေးအစောင့်တဦး ဖြစ်သည်။ နီမာက သူ့မယ်တော်၊ အကိုနှင့်အတူ သင်္ဘောကြီး၏ အနောက်ပေါက်မှ ခိုးဝင်လိုက်ပါရန် စီစဉ်ထားသည်။

သင်္ဘောကြီးထဲတွင် ချမ်းသာသော နိုင်ငံများမှ ခေါင်းဆောင်များနှင့် အမေရိကန် ယာယီသမ္မတက သင်္ဘောကို ထွက်ခွာရန် အမိန့်ပေးနေစဉ် လူမြောက်မြားစွာမှာ သင်္ဘောကြီးထဲတွင် လိုက်ပါနိုင်ရန်အတွက် အပြင်မှ အော်ဟစ်တောင်းဆိုနေကြသည်။


WE WERE WARNED
2012
NOVEMBER